# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
## မြန်မာနိုင်ငံ

စာစဉ် ၈ | ဇန်နဝါရီ - မတ် ၂၀၁၆

ဤစာစဉ်တွင်

ရခိုင်ရှိ နေထိုင်ရာအမိုးအကာများ ပြင်ဆင်ရန် အရေးပေါ်လိုအပ် စာ-၁
ရခိုင်တွင် ခြောက်သွေ့ရာသီအတွင်း ရေပြတ်လပ်မှု စာ-၂
ရှမ်းမြောက်တွင် အသစ်ထပ်မံနေရပ်စွန့်ခွာတိမ်းရှောင်မှု စာ-၃
ရေဘေးသင့်မိသားစုများအတွက် အိမ်အသစ်များ စာ-၅
ရေဘေးသင့်ဒေသများတွင် စားနပ်ရိက္ခာ မလုံလောက်မှု စာ-၆
မြန်မာနိုင်ငံရှိ ကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်များကို ဆောင်ရွက်ခြင်း စာ-၇

## အဓိကအချက်များ

- ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ နေထိုင်ရာအမိုးအကာများ မိုးရာသီမတိုင်မီ အရေးတကြီး ပြင်ဆင်ရန်လိုအပ်
- ရခိုင်ပြည်နယ်တွင် ခြောက်သွေ့ရာသီအတွင်း ရေပြတ်လပ်မှု
- ဖေဖော်ဝါရီနှင့် မတ်လက ရှမ်းမြောက်တွင် ထပ်မံဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ထောင်ပေါင်းများစွာသော လူများ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရ
- ရေဘေးရှောင်စခန်းများမှ လူအများစုအား ပြန်လည်နေရာချပေးပြီး ဖြစ်သော်လည်း လူ ၃,၀၀၀ ကျော် ဆက်လက်နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲ
- FAO နှင့် WFP မှ ဆောင်ရွက်ခဲ့သည့် အဓိကလေ့လာဆန်းစစ်မှုများအရ ၂၀၁၅ ရေဘေးအလွန်တွင် စားနပ်ရိက္ခာ ဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အန္တရာယ်ရှိနေဆဲ
- 'ကာကွယ်စောင့် ရှောက်ရေး' ကို မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှု လုပ်ငန်းများ၏ အချက်အချာအဖြစ်ထားရှိခြင်း

## အဓိက ကိန်းဂဏန်းများ

| | |
|---|---|
| #ကချင်နှင့် ရှမ်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူများ | ၁၀၀,၀၀၀ |
| # ရခိုင်တွင်နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၂၀,၀၀၀ |

## ရန်ပုံငွေ

**၁၉၀ သန်း** (အမေရိကန်ဒေါ်လာ)
၂၀၁၆ ခုနှစ် လူသားချင်းစာနာမှု တုံ့ပြန်ရေးစီမံကိန်းအတွက် တောင်းခံထား

**၁၀ သန်း** (အမေရိကန်ဒေါ်လာ)
၂၀၁၆ ခုနှစ်တွင် ရရှိထားသော လှူဒါန်းမှုအသစ်များ။ (လူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်းပါ လုပ်ငန်းများအတွက် ဒေါ်လာ ၆ သန်းနှင့် အခြားလုပ်ငန်းများအတွက် ဒေါ်လာ ၄ သန်းပါဝင်သည်)



ရခိုင်ပြည်နယ် ယာယီစခန်းတစ်ခုမှမိန်းကလေးတစ်ဦး၊ ဖေဖော်ဝါရီ ၂၀၁၆။ ဓာတ်ပုံ - OCHA

## ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် နေထိုင်ရာအမိုးအကာများ အရေးပေါ် ပြင်ဆင်ရန်လိုအပ်

### နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် နေထိုင်ရာအမိုးအကာ အများအပြား ပြန်လည်ထူထောင်ရန် သို့မဟုတ် အကြီးစားပြင်ဆင်မှု ပြုလုပ်ရန်လိုအပ်

ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်ကဖြစ်ပွားခဲ့သော လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ သို့မဟုတ် ထိုကဲ့သို့သော နေရာ ၃၉ ခုတွင် လူ ၁၂၀,၀၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်ပါသည်။ ၂၀၁၄နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပြင်ဆင်ထိန်းသိမ်းမှုအချို့ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်က ၂ နှစ်တာအတွက်သာ ယာယီအနေဖြင့် တည်ဆောက်ခဲ့ သောတန်းလျားရှည်အများအပြားမှာ ယခုအခါ အခြေအနေဆိုးဝါးလျက်ရှိပါသည်။ ၄င်းတို့မှာ ရခိုင်ပြည်နယ်နှင့် နီးစပ်သော ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့သည့် ဆိုင်ကလုန်းကိုမန်အပါအဝင် မိုးရာသီ သုံးခုဒဏ်ကြောင့် ပြိုကျပျက်စီးလျက် ရှိပါသည်။ နောက်ထပ်မိုးရာသီ ရောက်ရှိရန် နှစ်လသာလိုပါတော့သည်။ လူများအား ဘေးအန္တရာယ်များမှ ကာကွယ် စောင့်ရှောက်မှုပေးပြီး၊ ဂုဏ်သိက္ခာရှိသော အခြေအနေတွင် နေထိုင်နိုင်စေရန်မှာ အလွန် အရေးပါသော လိုအပ်ချက်ဖြစ်ပါသည်။ အထူးသဖြင့် နေထိုင်ရာအမိုးအကာများ အားလုံး နီးပါးကို ပြန်လည်တည်ဆောက်ရမည်ဖြစ်ပြီး ၅ရာခိုင်နှုန်းခန့်သာ ပြန်လည်ပြင်ဆင်၍ ရနိုင်သော ပေါက်တောနှင့်မြေပုံတို့အတွက်ပိုမိုအရေးကြီးသည့် လိုအပ်ချက်ဖြစ်ပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းအများစုရှိ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အခြေခံအဆောက်အအုံများကိုလည်း ပြန်လည်ပြင်ဆင်ထိန်းသိမ်း ရန်လိုအပ်နေပါသည်။



ဆိုင်ကလုန်းကိုမန်ကြောင့် ပျက်စီးသွားသော နေထိုင်ရာအမိုးအကာများ။ နိုဝင်ဘာ ၂၀၁၅။ ဓာတ်ပုံ - OCHA

၂၀၁၆ခုနှစ် မတ်လတွင် ရခိုင်ပြည်နယ်အစိုးရ၊ အမိုးအကာအစုအဖွဲ့ခေါင်းဆောင် UNHCR၊ နော်ဝေ ဒုက္ခသည်ကောင်စီ(NRC)၊ လူသာရန် နိုင်ငံတကာ ဖက်ဒရေးရှင်း (LWF)၊ ဒိန်းမတ် ဒုက္ခသည်ကောင်စီ (DRC) နှင့် OCHA တို့ပူးပေါင်း၍ စစ်တွေ၊ ပေါက်တောနှင့် မြေပုံမြို့နယ်များရှိ ဒုက္ခသည်စခန်းများတွင် အခြေအနေလေ့လာဆန်းစစ်မှု တစ်ရပ်ဆောင်ရွက်ခဲ့ပါသည်။ ထိုမြို့နယ်သုံးခုရှိ ယာယီစခန်း ၂၁ ခုတွင် ပြည်နယ်အနှံ့မှ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၉၀ ရာခိုင်နှုန်းကျော်နေထိုင်ကြပါသည်။ လိုအပ်ချက်များကို အပြည့်အဝပြန်လည် တည်ဆောက်ရေး (အလုံးစုံနီးပါး ပြန်လည်တည်ဆောက်ရန်လိုအပ်မှု)၊ အကြီးစားပြင်ဆင်ရေး (၆၀ရာခိုင်နှုန်း ပြန်လည်ပြုပြင်ရန်လိုအပ်မှု)နှင့် အသေးစားပြင်ဆင်ရေး(၂၀ရာခိုင်နှုန်းပြန်လည်ပြုပြင်ရန်လိုအပ်မှု)ဟု ခွဲခြားထားပါသည်။ လေ့လာဆန်းစစ်မှုအရ

*ရန်ပုံငွေလိုအပ်ချက်မဖြည့်ဆည်းနိုင်ပါက စစ်တွေမြို့နယ်ရှိ အကြီးစားပြင်ဆင်မှု သို့မဟုတ် အပြည့်အဝ ပြန်လည်တည်ဆောက်ရန်လိုအပ်သော အမိုးအကာများဖြင့် နေထိုင်သည့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများမှာ မိုးရာသီကို အရည်အသွေး အလွန်ညံ့ဖျင်း သော အမိုးအကာများဖြင့် ဖြတ်သန်းရမည်*

စစ်တွေမြို့နယ်ရှိ ရှစ်ခန်းတွဲတန်းလျား ၁,၆၀၀ လုံးအနက် ၆၀ ရာခိုင်နှုန်းကျော်မှာ အကြီးစားပြုပြင်မှု ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။ ပေါက်တောမြို့နယ်တွင် အခြေအနေပိုမိုဆိုးဝါးပါသည်။ ယာယီစခန်းလေးခုတွင် သုံးခုရှိ ရှစ်ခန်းတွဲတန်းလျား ၂၉၈ လုံးအနက် ၈၀ ရာခိုင်နှုန်းကျော်မှာ အပြည့်အဝပြန်လည်တည်ဆောက်ရန် လိုအပ်နေပါသည်။ ယင်းမှာ ဤစခန်းများ၏ တည်နေရာသည် ပိုမိုအန္တရာယ်ကျရောက်လွယ်မှုရှိကြောင်းညွှန်ပြနေပါသည်။ ပေါက်တောရှိ စတုတ္ထစခန်းတွင် ၂၀၁၅ခုနှစ်က ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြီးကြီးမားမား ဆောင်ရွက်ခဲ့ပါသည်။ တန်းလျားရှည် ၈၉ လုံးရှိသော မြေပုံမြို့နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းအကြီးတစ်ခုတွင်လည်း ကြီးမားသော ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်နေပါသည်။

### နောက်ထပ် ရန်ပုံငွေများ အရေးပေါ်လိုအပ်

ဤအသေးစိတ်လေ့လာဆန်းစစ်မှုများအရ ပြန်လည်တည်ဆောက်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန် စုပေါင်းရန်ပုံငွေ လိုအပ်ချက်မှာ အမေရိကန် ဒေါ်လာ ၃.၂ သန်းရှိပါသည်။ အစုအဖွဲ့ခေါင်းဆောင် UNHCR နှင့် LWF တို့က ဒေါ်လာ ၁.၁ သန်းနှင့် ၀.၅ သန်း အသီးသီးပေးအပ်ရန်ကတိပြုထားကြပြီး ဒေါ်လာ ၁.၆ သန်း ဆက်လက်လိုအပ်နေပါသည်။ ယခုအချိန်ထိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မည်သည်တို့ ပံ့ပိုးမည်ကို မသိရှိရသေးပေ။ လက်ရှိ ရရှိထားသော ရန်ပုံငွေဖြင့် အရေးပေါ် လိုအပ်ချက် အမြင့်ဆုံးဖြစ်သော ပေါက်တောနှင့် မြေပုံတို့တွင် ဦးစားပေးဆောင်ရွက်သွားမည်ပြီး ကျန်ရှိသောရန်ပုံငွေကို စစ်တွေမြို့နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်း အချို့အတွက် သုံးစွဲသွားမည်ဖြစ်ပါသည်။ လုပ်ငန်းအကောင်အထည်ဖော်မှုကို UNHCR နှင့် LWF တို့မှ တိုက်ရိုက်ဖြစ်စေ၊ အစုအဖွဲ့မိတ်ဖက်အဖွဲ့ဝင်များ၊ အထူးသဖြင့် DRC တို့မှဖြစ်စေ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရန်ပုံငွေ လိုအပ်ချက် ဒေါ်လာ ၁.၆ သန်းမရရှိပါက အန္တရာယ်များသော အခြေအနေများတွင် နေထိုင်ရသည့် ကလေးသူငယ်များနှင့် အသက်ကြီးရင့်သူများအပါအဝင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ထောင်ပေါင်းများစွာအတွက် လိုအပ်သော နေထိုင်ရာအမိုးအကာ ပြင်ဆင်မှုများဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ နောက်ထပ်မိုးရာသီတစ်ခုကို ရင်ဆိုင်ရနိုင်ချေရှိပါသည်။ ၎င်းတို့တွင် စစ်တွေမြို့နယ်ရှိ အကြီးစားပြင်ဆင်မှုလိုအပ်သော အမိုးအကာများဖြင့် နေထိုင်လျက်ရှိသူ ၃၆,၀၀၀ ဦးနှင့် အပြည့်အဝပြန်လည် တည်ဆောက်မှုလိုအပ်သော အမိုးအကာများဖြင့် နေထိုင်လျက်ရှိသူ ၂,၅၀၀ ဦး တို့ပါဝင်ပါသည်။

## မြန်မာနိုင်ငံတွင် ထောင်ပေါင်းများစွာသောပြည်သူများ ရေရှားပါးမှု ရင်ဆိုင်နေရပြီး ရခိုင်တွင် ဆိုးဝါးစွာ ထိခိုက်

*ရခိုင်ပြည်နယ်ရှိ ယာယီစခန်းများမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၂၀,၀၀၀ ခန့် ဆိုးဝါးသော ရေပြတ်လပ်မှုနှင့် ရင်ဆိုင်ရလျက်ရှိ*

### ယာယီစခန်းများရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအပါအဝင် ရပ်ရွာလူထုများစွာ ဆိုးဝါးသော ရေရှားပါးမှုဒဏ်ခံရ

မြန်မာနိုင်ငံ၏နေရာအများအပြားတွင် ရေရှားပါးမှုနှင့် ရင်ဆိုင်နေရပါသည်။ ရခိုင်ပြည်နယ်မှာ ဆိုးဝါးစွာ ထိခိုက်ခံရသည့်ဒေသများအနက်တစ်ခုဖြစ်ပါသည်။ ၂၀၁၅ခုနှစ် ရေဘေးအတွင်း ရေကန်များစွာပျက်စီးခဲ့ပြီး ကန်ရေသိုလှောင်နိုင်စွမ်းလျော့ကျခဲ့သည့်အတွက်ရေရှားပါးမှုမှာပိုမိုဆိုးဝါးလာပါသည်။ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ထုတ်ပြန်ချက်အရ မတ်လတွင် ရွာ ၉၀၀ ကျော် ရေရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရပြီး အစိုးရအနေဖြင့် ရာပေါင်းများစွာသောဘေးဒဏ်သင့်ရွာများတွင် ကုန်တင်ကားများဖြင့်ရေဖြန့်ဝေပေးကာ၊ အခြားအထောက်အပံ့များကိုလည်း ပေးအပ်ခဲ့ပါသည်။

လက်ရှိ ရေရှားပါးမှုမတိုင်မီကပင် ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသနေ ပြည်သူများမှာ မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနက် ပိုမိုကောင်းမွန်သော ရေအထောက်အပံ့နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဝန်ဆောင်မှုများ ရရှိမှုတွင် အနိမ့်ဆုံးဖြစ်ကာ ပြည်သူ ၃၃ ရာခိုင်နှုန်းသာ သန့်စင်ထားသော ရေကို ရရှိပြီး၊ ၂၄ ရာခိုင်နှုန်းသာ ပိုမိုကောင်းမွန်သောပတ်ဝန်းကျင်သန့်ရှင်းရေးကိုရရှိပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် အစိုးရသည် ရခိုင်ပြည်နယ်အနှံ့ရှိ မြို့နယ်များတွင် ထိခိုက်လွယ်သောအခြေအနေရှိ ရပ်ရွာလူထုများ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စွာ ရရှိနိုင်စေရန်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်နယ်အနှံ့ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်း အများအပြားတွင် ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး အခြေခံအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းရန်လိုအပ်နေပါသည်။ ရေ၊ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး အစုအဖွဲ့မှအချက်အလက်များအရ လက်ရှိတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၂၀,၀၀၀မှာ ဆိုးဝါးသော ရေရှားပါးမှုနှင့် ရင်ဆိုင်နေရပါသည်။ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်းပြီး အရေးပါသော ပြင်ဆင်မှုများ


မဆောင်ရွက်နိုင်ပါက မိုးရွာသွန်းသည့်အခါ ဝမ်းရောဂါနှင့် ဆက်စပ်သော ရောဂါများ ဖြစ်ပွားနှုန်း မြင့်လာနိုင်ချေ ရှိပါသည်။

*နွေရာသီတွင် သောက်သုံးရေ ရရှိရန်မှာ လှေဖြင့် ပို့ဆောင်ပေးသည့် နည်းသာရှိသော အနောက်ရွဲစခန်းတွင် ရေကန်အသစ်များက ရေပြတ်လပ်မှုကို ဖြေရှင်းပေး*

### အနောက်ရွဲစခန်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား လှေဖြင့် ရေပေးပို့ရန်မှာ အကုန်အကျများသော စီမံချက်ဖြစ်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်ရှိ အနောက်ရွဲစခန်းမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၄,၂၀၀ကျော်အတွက် သန့်စင်သောရေရရှိမှုမှာ ကြီးမားသော စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ခုဖြစ်ပါသည်။ လက်ရှိတွင် ဒေသတွင်းတစ်ခုတည်းသော ရေချိုအရင်းအမြစ်မှာ မိုးရေခံကန်များသာ ဖြစ်ပါသည်။ ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ ပေါက်တောမြို့နယ်ရှိ မိသားစု၂၅,၀၀၀ကျော်မှာ သောက်သုံးရေအတွက် ရေကန်များကို မှီခိုကြရပြီး၊ ဒေသတွင်း သောက်သုံးရေ၊ အိမ်သုံးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မိုးရေခံစုဆောင်းခြင်း နည်းလမ်းကိုသာ ကျယ်ပြန့်စွာအသုံးပြုကြပါသည်။ ပေါက်တောရှိ စခန်းများတွင် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဝန်ဆောင်မှုများ ပေးအပ်နေသော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု ဖြစ်သည့် Solidarités International အနေဖြင့် ကန်များမှ ရေကို မဖြန့်ဖြူးမီ ပိုးသတ်သန့်စင်ရန် စက်တစ်လုံး တပ်ဆင်ပေးထားပါသည်။ သို့သော် ရေကန်များမှာ မတ်လ ခြောက်သွေ့ရာသီမှစ၍ ဇွန်လ မိုးရာသီ မတိုင်ခင်အထိ ခန်းခြောက်တတ်ပါသည်။

ရခိုင်ပြည်နယ် ပေါက်တောရှိ အနောက်ရွဲစခန်း




ထိုကာလအတွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းရှိ လူများ သန့်စင်သောရေနှင့် အိမ်သုံးရေကို လက်လှမ်းမီစေရန် လွန်ခဲ့သည့် သုံးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရ၊ UNICEF နှင့် Solidarités International တို့မှ လှေများဖြင့် ရေပေးဝေခဲ့ပါသည်။ သို့သော် ယင်းမှာ အကုန်အကျများပြီး အားထား၍မရသလို ရေရှည် အဆင်ပြေစေသော နည်းလမ်းလည်းမဟုတ်ပေ။ ထို့ကြောင့် Solidarités International သည် မြန်မာနိုင်ငံ လူသားချင်းစာနာမှု ရန်ပုံငွေမှရရှိသောထောက်ပံ့ငွေဖြင့် ပေါက်တောစခန်းများအတွင်း နွေရာသီတွင်ရရှိသည့် ရေအရည်အသွေးနှင့် ပမာဏ တိုးလာစေရေးအတွက် ကန်များ ထပ်တိုးတည်ဆောက်ပေးသည့် စီမံကိန်း တစ်ခုကို အကောင်အထည်ဖော်လျက် ရှိပါသည်။ Solidarités International မှ အစီရင်ခံမှုအရ ထိုကန်များသည် နွေရာသီကာလ တစ်လျှောက် လူများအတွက် ရေရရှိစေပြီး၊ အိမ်သုံးရေရှားပါးမှုနှင့် ရေကြောင့်ဖြစ်သော ဆက်စပ်ရောဂါများ အန္တရာယ်ကို လျှော့ချစေနိုင်ပါလိမ့်မည်။

ဤလုပ်ငန်းများ ဆောင်ရွက်ထားသော်လည်း အနောက်ရွဲစခန်းရှိ မိသားစုများအတွက် ရေရှည်ပြေလည်စေမည့် နည်းလမ်းများရှာဖွေပေးရန်လိုအပ်ပါသည်။ ရခိုင်ပြည်နယ်ရှိ အခြား နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများကဲ့သို့ပင် ထိုစခန်းများသည် မြေနိမ့်ပိုင်းတွင်တည်ရှိပြီး၊ အန္တရာယ်မြင့်မားကာ စခန်းတွင်နေထိုင်သူများမှာ မိုးရာသီတွင် ဆိုင်ကလုန်း၊ အပူပိုင်းမုန်တိုင်းများနှင့် ရေကြီးမှုဘေးဒဏ်များကြောင့် ထိခိုက်လွယ်သည့်အခြေအနေရှိပါသည်။ ဤစခန်းရှိ နေရပ်စွန့်ခွာသူအများစုမှာ ပေါက်တောမြို့မှဖြစ်ပါသည်။ ၎င်းတို့မှာ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုအပြီး အနောက်ရွဲစခန်းသို့ ပြောင်းရွှေ့နေရာချထားသူများ ဖြစ်ပါသည်။

## တိုက်ပွဲများကြောင့် ရှမ်းပြည်နယ်တွင် ထောင်ပေါင်းများစွာ နေရပ်စွန့်ခွာတိမ်းရှောင်ရ


### ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ တိုက်ပွဲများကြောင့် လူ ၇,၀၀၀ ကျော် ထပ်မံနေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရ

ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲမြို့နယ် တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS)/ ရှမ်းပြည်တောင်ပိုင်းတပ်မတော်(SSA-S)နှင့် တအာန်း အမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) တို့ကြား လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ကျောက်မဲနှင့်အနီးတဝိုက်ရွာများတွင် လူ ၄,၅၀၀ ခန့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပါသည်။ အာဏာပိုင်များနှင့် ဒေသခံအရပ်ဖက် လူမှုအဖွဲ့အစည်းများထံမှ အချက်အလက်များအရ နေရပ်စွန့်ခွာတိမ်းရှောင်သည့် နေရာ ၂၂ ခုရှိပါသည်။ ဖေဖော်ဝါရီလနှောင်းပိုင်းမှစ၍ နေရပ်စွန့်ခွာ

*၂၀၁၆ ခုနှစ်အတွင်း ရှမ်းမြောက်တွင် လူ ၇,၂၀၀ ကျော် ထပ်မံနေရပ်စွန့်ခွာခဲ့ရ ယင်းတို့အနက် ၄,၇၀၀ မှာ မတ်လကုန်တွင်နေရပ်ပြန်နိုင်ခဲ့*

တိမ်းရှောင်သူမိသားစုများသည် မိမိတို့ရွာများသို့ စတင်ပြန်ခဲ့ကြပြီး မတ်လ ၂၁ ရက်တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူအားလုံး မိမိတို့ဒေသသို့ ပြန်ပြီးဖြစ်ပါသည်။

ဇန်နဝါရီ-မတ်အတွင်း ရှမ်းပြည်နယ်မြောက်တွင် နေရပ်စွန့်ခွာတိမ်းရှောင်မှု




နမ့်ခမ်းမြို့နယ်တွင် ဖေဖော်ဝါရီလက ဖြစ်ပွားခဲ့သော တိုက်ပွဲကြောင့် လူ ၁,၂၀၀ ကျော်မှာ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလအတွင်း လူ ၂၀၀ ကျော် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့သည့် မိုင်းစီးရွာသို့ စွန့်ခွာတိမ်းရှောင်ခဲ့ကြရပါသည်။ မတ်လတွင် မြန်မာ့တပ်မတော်နှင့် TNLAကြား တိုက်ပွဲများကြောင့် လူဦးရေ ၁,၄၀၀ ကျော်မှာ ကွတ်ခိုင်မြို့နယ်ရှိ မိုင်းယုလေးနှင့် နမ့်ဖက်ခါရွာများသို့ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ပါသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူ မိသားစုများသည် ရပ်ရွာခံမိသားစုများနှင့် အများသုံး အဆောက်အအုံနှစ်ခုတွင် အဓိကနေထိုင်လျက်ရှိပါသည်။ ဤအစီရင်ခံသည့်ကာလအတွင်း ရှမ်းပြည်နယ် မြောက်ပိုင်း အခြားဒေသများတွင်လည်း အသေးစား နေရပ်စွန့်ခွာတိမ်းရှောင်မှုများ မကြာခဏဖြစ်ပွားခဲ့ပါသည်။

## ပဋိပက္ခဒဏ်ကို ပြည်သူများ ခံစားရ

အရပ်သားများအားဖမ်းဆီးခေါ်ဆောင်သွားခြင်းများ၊ ပြည်သူပိုင်ပစ္စည်းလုယက်မှုများနှင့် အခြားကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာများရှိကြောင်း ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းများမှအစီရင်ခံထားပါသည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေစဉ်ကာလအတွင်း ထိုဒေသများသို့သွားလာခွင့်အကန့်အသတ်ရှိသည့်အတွက် ကုလသမဂ္ဂအနေဖြင့် ထိုအစီရင်ခံမှုများကို သီးခြားအတည်ပြုနိုင်ခြင်းမရှိပေ။ ကျောက်မဲမြို့အနီးရှိရွာအချို့တွင် မသန်စွမ်းသူများ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ၎င်းတို့အား စောင့်ရှောက်သူများမှာ တိုက်ပွဲကြောင့် ပဋိပက္ခဖြစ်နေသော ဒေသများကို စွန့်ခွာနိုင်ခြင်းမရှိကြပေ။ မတ်လ ၂ ရက်နေ့တွင် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူးမှ ကြေငြာချက်တစ်စောင် ထုတ်ပြန်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုးမြင့်လာသော တင်းမာမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများအပေါ် အထူးစိုးရိမ်ကြောင်းဖော်ပြခဲ့ပါသည်။ ထိုကြေငြာချက်တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။ *"မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူအားလုံးအား သတိပြုစေလိုသည်မှာ ၎င်းတို့သည် နိုင်ငံတကာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဥပဒေများကို လေးစားလိုက်နာရမည့်ဝတ္တရားကိုကျေပွန်ရန်လိုအပ်ပါသည်။ ယင်းတွင် ပြည်သူများအား ကာကွယ်စောင့်ရှောက်ရန်၊ ပဋိပက္ခဒေသများကို စွန့်ခွာထွက်ပြေးသူများအတွက် လုံခြုံသော လမ်းကြောင်းများစီစဉ်ပေးရန်၊ လူသားချင်းစာနာမှုအကူအညီအတွက် သွားလာခွင့်ပြုပေးရန်၊ ပြည်သူများအား အန္တရာယ်ဖြစ်စေမှုကို ရှောင်ကြဉ်နိုင်ရေးအတွက် အတတ်နိုင်ဆုံးဆောင်ရွက်ရန်တို့ပါဝင်ပါသည်။ ထို့ပြင် ပဋိပက္ခတွင် ပါဝင်နေသူများသည် စစ်မက်ဖြစ်ပွားမှုရလာဒ်ကြောင့် အခွင့်အရေးများ ဆုံးရှုံးရနိုင်သည့်အခြေအနေမျိုးမှာပင် အားလုံး၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါသည်။"*

## ဒေသခံ NGO များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် တုံ့ပြန်မှုဆောင်ရွက်ရေးလုပ်ငန်းများကို ရှေ့တန်းမှ ဆောင်ရွက်

*ရှမ်းတောင်ပိုင်းတွင် နေရပ်ပြန်သူများအတွက် အစာပိုင်းကာလပြန်လည်ထူထောင်ရေး အကူအညီများ လိုအပ်ဆဲ*

နေရပ်စွန့်ခွာတိမ်းရှောင်သူ မိသားစုများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပြည်နယ်အာဏာပိုင်များ၊ ဒေသခံ လူမှုအဖွဲ့အစည်းများ၊ NGO များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှပေးအပ်ခဲ့ပါသည်။ ကုလသမဂ္ဂ၊ INGO များနှင့် ICRC တို့မှ လည်း ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အကူအညီ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများ၊ စားနပ်ရိက္ခာမဟုတ်သောပစ္စည်းများ၊ နေထိုင်ရာအမိုးအကာဆိုင်ရာပစ္စည်းများ၊ ရွေ့လျားကျန်းမာရေးဆေးပေးခန်းများနှင့် စိတ်ပိုင်းဆိုင်ရာလူမှုရေးစောင့်ရှောက်ပေးခြင်းများအပါအဝင် အကူအညီများ ပေးအပ်ခဲ့ပါသည်။ နေရပ်ပြန်ရွာများရှိအခြေအနေနှင့်ပတ်သက်သော သတင်းအချက်အလက်များမှာ အကန့်အသတ်ရှိသော်လည်း ကျောက်မဲမြို့နယ်အတွင်းအပါအဝင် အိမ်အချို့ မီးလောင်ပျက်စီးကာ မွေးမြူရေး တိရိစ္ဆာန်

များသေဆုံးခဲ့သည့်အတွက် လုံခြုံရေးအခြေအနေ တည်ငြိမ်သွားသည့်အခါ နေရပ်ပြန် မိသားစုများအား ထောက်ပံ့ရန်အကူအညီများ လိုအပ်နိုင်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀၁၅ခုနှစ်အောက်တိုဘာလအတွင်းဖြစ်ပွားခဲ့သည့်ပဋိပက္ခကြောင့် နေရပ်စွန့်ခွာခဲ့ရသူ ၆,၀၀၀ကျော် အနက် အများစုမှာ မတ်လကုန်တွင် မိမိတို့နေရပ်သို့ပြန်သွားကြပြီဖြစ်ပြီး မိုင်းရှူးမြို့နယ်၊ ဟိုင်ဖတွင် လူဦးရေ ၁,၃၀၀မှာ ဆက်လက်နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်ပါသည်။ ပဋိပက္ခအတွင်း ၎င်းတို့အိမ်အများအပြား ပျက်စီး ဆုံးရှုံးခဲ့ကြရပါသည်။ ထိုမိသားစုများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အပံ့များလည်း လိုအပ်နေပါသေးသည်။

## ရေဘေးသင့် မိသားစုများအတွက် အိမ်ယာအသစ်များ

### ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှစ၍ လူ ၇,၀၀၀ ကျော် ပြောင်းရွှေ့နေရာချထား

၂၀၁၅ ခုနှစ်က မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအနက် ၁၂ ခုကို ထိခိုက်ခဲ့သော ရေဘေးအပြီးတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်အစိုးရမှ ပြည်သူ့အခြေခံ အဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် အထောက်အပံ့ပေးအပ်ခြင်း၊ အိမ်ယာဆုံးရှုံးသွားသူများ သို့မဟုတ် မြေပြိုမည့် အန္တရာယ်ကြောင့် ပြောင်းရွှေ့ရသူများအတွက် အိမ်ယာအသစ် တည်ဆောက်ခြင်း၊ အခြား ပြန်လည် ထူထောင်ရေး အထောက်အပံ့များ ပေးအပ်ခြင်းကို ဒေသခံ အဖွဲ့များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီဖြင့် ဦးစီး ဆောင်ရွက်လျက် ရှိပါသည်။

*၂၀၁၅ ခုနှစ် ရေကြီးမြေပြိုမှု ဒဏ်ခံခဲ့ရသူများအတွက် ပြန်လည်နေရာချထားသော နေရာများတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး အထောက်အပံ့၊ စာသင်ကျောင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြား ဝန်ဆောင်မှုများ ရရှိရန် လိုအပ်နေ*



စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ ရေဘေးသင့်သူများအတွက် အသစ်တည်ဆောက် ထားသော အိမ်ယာများ၊ မတ် ၂၀၁၆။ ဓာတ်ပုံ - OCHA

၂၀၁၅ခုနှစ် အောက်တိုဘာလအကုန်တွင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ရေဘေးရှောင်စခန်းများတွင် နေထိုင်သည့် လူ ၁၁,၀၀၀ ခန့် အနက် လူဦးရေ ၇,၀၀၀ ကျော်ကို ၂၀၁၆ခုနှစ် မတ်လလယ်တွင် ပြောင်းရွှေ့နေရာချထားပေးခဲ့ပါသည်။ နေရာသစ်များတွင် ပြောင်းရွှေ့နေရာချပေးထားသူများ သို့မဟုတ် မူလနေရပ်ပြန်သူများမှာ အစိုးရထံမှ အိမ်ယာအသစ် သို့မဟုတ် အိမ်ဆောက်ပစ္စည်းများ လက်ခံရရှိခဲ့ပါသည်။ ပြန်လည်နေရာချထားသော နေရာအများအပြားတွင် ပြည်နယ်အစိုးရ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကုလသမဂ္ဂ၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGOများမှ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး အထောက်အပံ့များ၊ ငွေကြေးအကူအညီနှင့် အခြားအထောက်အပံ့များကိုပေးအပ်ထားပါသည်။ သို့သော် အချို့နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ ကျောင်းများနှင့် အခြားအခြေခံဝန်ဆောင်မှုများ ရရှိမှုအပါအဝင် ရွာများတွင် ပိုမိုကောင်းမွန်သောလမ်းများလိုအပ်ကာ ရေရှည်ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်နိုင်ရန် အကူအညီပေးရန်လည်းလိုအပ်ပါသည်။ ကလေးမြို့နယ်ရှိ မိသားစုအချို့မှာ ၎င်းတို့အိမ်များ ပြန်လည်တည်ဆောက်ရေးအတွက် အထောက်အပံ့လိုအပ်နေဆဲဖြစ်ပါသည်။

### ရေဘေးရှောင်စခန်းများတွင် လူ ၃,၃၀၀ ကျော် ကျန်ရှိနေဆဲ

ချင်းပြည်နယ် မြို့တော် ဟားခါးရှိ ရေဘေးရှောင်စခန်းများတွင် လူ ၁,၉၀၀ ခန့် ရှိနေဆဲဖြစ်ပြီး ပြည်နယ်အစိုးရ၊ ဒေသခံ လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကုလသမဂ္ဂနှင့် INGO များထံမှ အကူအညီ ရရှိနေပါသည်။ အိမ်ထောင်စု အများစုအား ဖွန်လ မိုးရာသီမတိုင်မီ အသစ်တည်ဆောက်ထားသော၊ ဒဏ်ခံနိုင်သည့် အိမ်ယာများသို့ ပြောင်းရွှေ့ထားနိုင်မည်ဟု ခန့်မှန်းထားပါသည်။ ရေအထောက်အပံ့၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများ အပါအဝင် ဟားခါးသို့ သွားရန် အလွန်ဝေးလံသည့်အတွက် ပြန်လည်နေရာချထားသော ဒေသများတွင် အသက်မွေးဝမ်းကျောင်းအကူအညီပေးရန် လိုအပ်ဆဲဖြစ်ပါသည်။ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အငှားအိမ်ယာ ဆုံးရှုံးသွားသောမိသားစုများအတွက် ဆောင်ရွက်ဖြေရှင်းပေးနိုင်မည့်နည်းလမ်းများ ရှာဖွေရန်လည်း လိုအပ်ပါသည်။

ချင်းပြည်နယ် တွန်းဇံမြို့နယ်ရှိ ရေဘေးရှောင်စခန်းများတွင် မတ်လလယ်က လူ ၁,၃၀၀ ကျော် နေထိုင်ဆဲဖြစ်ပါသည်။ အချို့အိမ်ထောင်စုများအား ပြည်နယ်အစိုးရမှ ချင်းပြည်နယ်အတွင်း အခြား ပိုမိုလုံခြုံသောဒေသများသို့ ဧပြီလမကုန်မီ ပြောင်းရွှေ့ပေး နိုင်မည်ဟုခန့်မှန်းထားပါသည်။ သို့သော် မိမိတို့သဘောဖြင့် ရွာများမှထွက်ခွာပြီး ပျံ့ကျဲနေရာများတွင် နေထိုင်ကြသော အိမ်ထောင်စုရာပေါင်းများစွာလည်းရှိနေပါသေးသည်။ ထိုအိမ်ထောင်စုများအတွက် ဆောင်ရွက်ဖြေရှင်းပေးနိုင်မည့်နည်းလမ်းများ ရှာဖွေရန်လည်းလိုအပ်ပါသည်။ ထို့ပြင် ချင်းပြည်နယ်ရှိ ရောက်ရှိရန်ခက်ခဲသော သစ်တောများအတွင်း တည်ရှိသည့် နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများတွင် မီးခိုရာနေရာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စားနပ်ရိက္ခာအကူအညီနှင့် အခြားအထောက်အပံ့များ လိုအပ်နေပါသည်။

## ရေဘေးသင့်ဒေသများတွင် စားနပ်ရိက္ခာ မလုံလောက်

### ရခိုင်နှင့်ချင်းပြည်နယ်များရှိ ထိခိုက်လွယ်သောအခြေအနေရှိ ရပ်ရွာလူထုများ အဆိုးဝါးဆုံး ဘေးဒဏ်သင့်

စားနပ်ရိက္ခာဖူလုံမှုနှင့် ၂၀၁၅ ခုနှစ် ဇူလိုင်-ဩဂုတ်လများအတွင်းဖြစ်ပွားခဲ့သည့် ရေဘေးကြောင့် စိုက်ပျိုးရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုကို အဓိကထားသည့် ပူးတွဲလေ့လဆန်းစစ်မှုတစ်ရပ်ကို ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့က ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ နှောင်းပိုင်း/ဒီဇင်ဘာလအစောပိုင်းတွင် ဆောင်ရွက်ခဲ့ပါသည်။ မတ်လတွင် ထုတ်ပြန်ခဲ့သော စိုက်ပျိုးသီးနှံနှင့် စားနပ်ရိက္ခာဖူလုံရေး လေ့လာဆန်းစစ်မှုအစီရင်ခံစာ တွင် ဆင်းရဲနွမ်းပါးသော ကျေးလက်နေလူထုမှာ တိုးမြင့်လာသော စားနပ်ရိက္ခာမဖူလုံမှုနှင့် ဆက်လက်ရင်ဆိုင်နေရသည်ဟုတွေ့ရှိရပါသည်။ အထူးသဖြင့် ရေဘေးမတိုင်မီကပင် ထိခိုက်လွယ်သော ချင်းနှင့် ရခိုင်ရှိ အထိခိုက်ဆုံးသောဒေသများမှာ စားနပ်ရိက္ခာမဖူလုံမှုကို ခံစားနေရဆဲဖြစ်ကာ အနာဂတ်တွင် အလားတူ အရေးပေါ်အခြေအနေမျိုးကို ခံနိုင်ရည်နည်းပါးကြောင်း မီးမောင်းထိုးပြနေပါသည်။

စိုက်ပျိုးမြေများရေဖုံးလွှမ်းမှုကြောင့် ချင်း၊ ရခိုင်၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးအချို့နေရာများတွင် ၂၀၁၅ ခုနှစ် မိုးရာသီ စိုက်ပျိုးသီးနှံများ၊ အထူးသဖြင့် စပါးများ၊ ဆိုးဝါးစွာ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ရခိုင်ပြည်နယ်ကဲ့သို့ အဆိုးဝါးဆုံး ထိခိုက်ခံရသောဒေသများတွင် နှစ်စဉ်စပါးထုတ်လုပ်မှု ၁၅ ရာခိုင်နှုန်းမျှကျဆင်းသွားသည်ဟု ခန့်မှန်းရပါသည်။ ချင်းနှင့် ရခိုင်ပြည်နယ်ကဲ့သို့သော ဝေးလံသည့် ဒေသများရှိ ထိခိုက်လွယ်သော လယ်သမားမိသားစုများနှင့် ရပ်ရွာလူထုအနေဖြင့် ၂၀၁၆ခုနှစ်တွင် ဆိုးဝါးသော စားနပ်ရိက္ခာရှားပါးမှုဆက်လက်ကြုံတွေ့ရနိုင်ပြီး အကူအညီလိုအပ်ပေလိမ့်မည်။

*ရေဘေး မတိုင်မီကပင် ထိခိုက်လွယ်သော ချင်းနှင့် ရခိုင်ရှိ အထိခိုက်ဆုံးသော ဒေသများမှ လူများအနေဖြင့် စားနပ်ရိက္ခာမဖူလုံမှုကို ခံစားနေရဆဲ*



၂၀၁၅ ခုနှစ်ရေကြီးမှုအပြီး စစ်ကိုင်းတိုင်းရှိ အပျက်အစီးများကြားတွင် မြင်ရသော အမျိုးသမီးတစ်ဦး၊ ဒီဇင်ဘာ ၂၀၁၅။ ဓာတ်ပုံ - FAO/ခွန်လတ်

ရေကြီးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍ၏ အခြားအပိုင်းများမှာလည်းထိခိုက်ခဲ့ပါသည်။ ရခိုင်၊ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတို့တွင် မွေးမြူရေးတိရိစ္ဆာန် အများဆုံး ဆုံးရှုံးခဲ့ပါသည်။ ငါးမွေးကန် ၁၃,၅၀၀ ဟက်တာနှင့် ပုဇွန်ကန် ၂၃,၀၀၀ ဟက်တာ ပျက်စီး ခဲ့ကာ၊ ၎င်းတို့၏ ၉၉ ရာခိုင်နှုန်းမှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပါသည်။

ထို့ပြင် ယခင်ကတည်းက အာဟာရချို့တဲ့မှုနှုန်း မြင့်မားသော အထူးသဖြင့် ရခိုင်နှင့် ချင်းပြည်နယ်များတွင် ရေကြီးမှုကြောင့် အာဟာရချို့တဲ့မှု ပိုမိုဆိုးဝါးလာသည်ဟု လေ့လာဆန်းစစ်မှုအရတွေ့ရှိရပါသည်။ အာဟာရကဏ္ဍ ဦးဆောင်အဖွဲ့ UNICEF ၏ထုတ်ပြန်ချက်အရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နိုင်ငံတကာကလေးသူငယ်ကြီးထွားမှုစံနှုန်းများပြောင်းလဲမှု အပါအဝင် အခြားအချက်များကလည်း ထိုဒေသများရှိ အာဟာရချို့တဲ့မှုနှုန်းမြင့်တက်လာခြင်းအပေါ် သက်ရောက်မှုရှိပြီး၊ ရေကြီးမှု၊ ကာလရှည်ကြာ ထိခိုက်လွယ်မှုများနှင့်အတူ အခြေအနေကို ပိုမိုဆိုးဝါးစေခဲ့ပါသည်။ အာဟာရကဏ္ဍ၏ အစီရင်ခံမှုအရ ကလေးသူငယ်များ၏ အာဟာရအခြေအနေကို ပုံမှန်စောင့်ကြည့်လေ့လာရန်နှင့် ကာကွယ်တားဆီးရန် အစိုးရစနစ်များ အရည်အသွေးမြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက်ရန်နှင့် အာဟာရကုသရေးလုပ်ငန်းများကိုဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ ထုတ်ဝေသည့် သတင်းအချက်အလက်အသစ် များ**

မြန်မာ - ရှမ်းပြည်နယ်မြောက်ပိုင်း နေရပ်စွန့်ခွာတိမ်းရှောင်မှု (၁၆ မတ် ၂၀၁၆)

မြန်မာ - ရှမ်းပြည်နယ်မြောက်ပိုင်း နေရပ်စွန့်ခွာတိမ်းရှောင်မှု (၂၉ ဖေဖော်ဝါရီ ၂၀၁၆ )

မြန်မာ - နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် မှတ်စ်လင်မ်လူနည်းစု၏ အခက်အခဲများကို မမေ့လျော့သင့်ပေ (မတ် ၁)

မြန်မာ - ရှမ်းပြည်နယ်မြောက်ပိုင်း နေရပ်စွန့်ခွာတိမ်းရှောင်မှု (၁၆ ဖေဖော်ဝါရီ ၂၀၁၆)

၂၀၁၅ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေး စီမံကိန်း စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ ဇန်နဝါရီ-ဒီဇင်ဘာ ၂၀၁၅

မြန်မာ - အရေးပေါ်တုံ့ပြန်ရေး ရန်ပုံငွေ ၂၀၁၅ ခြုံငုံသုံးသပ်မှု (ဖေဖော်ဝါရီ ၄)

မြန်မာ - ၂၀၁၅ ခုနှစ်အတွင်း နေရပ်စွန့်ခွာတိမ်းရှောင်မှုနှင့် လူဦးရေ ရွှေ့ပြောင်းမှုအခြေအနေ (၂၅ ဇန်နဝါရီ ၂၀၁၅)

(စာရွက်စာတမ်းများကို ရယူရန်အတွက် နှိပ်ပါ)

## ပြန်လည်ထူထောင်ရေးတွင် အနာဂတ်သဘာဝဘေးများအား ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းရည် တည်ဆောက်ရေးကို အဓိကထားရမည်

FAO နှင့် WFP ၏ လေ့လာဆန်းစစ်မှုအစီရင်ခံစာက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရန် လတ်တလော လိုအပ်မှုကိုမီးမောင်းထိုးပြနေပါသည်။ လတ်တလောအကူအညီအတွက် အဓိက အကြံပြုချက်များ အနက် ၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီအတွက် ထိခိုက်မှုအများဆုံးဒေသများတွင် မျိုးစေ့များဖြန့်ဖြူးခြင်း၊ ပရိုတိန်းဓာတ် ရရှိမှုကျဆင်းခြင်းကို ရှောင်ရှားနိုင်ရန် မွေးမြူရေးတိရိစ္ဆာန်များအစားထိုးပေးခြင်း၊ ငါးဖမ်းပစ္စည်းများဖြန့်ဖြူးခြင်း၊ ငါးဖမ်းကိရိယာနှင့် လှေများ ပြန်လည်တည်ဆောက် ပေးခြင်းနှင့် ငါးမွေးကန်များ ပြန်လည်ပြုပြင်ထူထောင်ခြင်း တို့ပါဝင်ပါသည်။ အစီရင်ခံစာတွင် အနာဂတ် အရေးပေါ် အခြေအနေများကို ပြည်သူများ ပိုမိုကောင်းမွန်စွာ ရင်ဆိုင် နိုင်စေရန် ရေရှည်ပြန်လည်ထူထောင်ရေးအတွက် လူထု၏ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းရည်တည်ဆောက်ရေး၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး အကြံပြုချက်တို့လည်းပါဝင်သည်။

### ရန်ပုံငွေ ပြတ်လပ်မှုများ

FAO/WFP အစီရင်ခံစာတွင် လာမည့်လများအတွင်း လူများ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ဆိုးဝါးစွာ ရင်ဆိုင်ရပြီး ကယ်ဆယ်ရေးအကူအညီများ လိုအပ်ဦးမည်ဟုသတိပေးထားပါသည်။ WFP က ၂၀၁၆ နှစ်လယ်ထိ စားနပ်ရိက္ခာ ဖူလုံမှုနှင့် အာဟာရ အခြေအနေပျက်စီးယိုယွင်းမှုကိုတားဆီးရန် ကယ်ဆယ်ရေး၊ ရပ်ရွာအဆောက်အအုံပစ္စည်းများ ပြန်လည်ထူထောင်ရေးနှင့် အာဟာရစီမံကိန်းများဖြင့် လူ ၁၀၄,၀၀၀ အတွက် ရေဘေးတုံ့ပြန်မှုကို ဆက်လက် ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။ သို့သော် WFP အနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံအနှံ့ ၂၀၁၆ ခုနှစ် အတွက် စားနပ်ရိက္ခာအကူအညီလိုအပ်ချက်များကို ဖြည့်ဆည်းရန် ရန်ပုံငွေ အမေရိကန် ဒေါ်လာ ၃၄ သန်း လိုအပ် လျက်ရှိပါသည်။ တစ်ချိန်တည်းတွင် ထိုအကူအညီပေးရန် ဦးတည်ထားသူများအားလုံး၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် FAO အနေဖြင့် အမေရိကန်ဒေါ်လာ ၇ သန်း ထပ်မံလိုအပ်ပါသည်။

## “ကာကွယ်စောင့်ရှောက်ရေး” ကို မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှု လုပ်ငန်းများ၏ ဗဟိုတွင် ထားရှိခြင်း

### နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများတွင် ကာကွယ်စောင့်ရှောက်ရေး အားကောင်းစေရန် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ များအား သင်တန်းပေးခြင်း

မြန်မာနိုင်ငံရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအနေဖြင့် လိင်မှုဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်ခြင်း၊ လူပ်ရှားသွားလာမှုကိုကန့်သတ်ခံရခြင်း၊ မြေမြှုပ်မိုင်းအန္တရာယ်၊ မှတ်ပုံတင်အထောက်အထားမရှိသဖြင့် ကျောင်းမတက်နိုင်ခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းတို့အပါအဝင် ကာကွယ်စောင့်ရှောက်ရေးပြဿနာများကို ရင်ဆိုင်နေရပါသည်။

သို့သော် လက်တွေ့တွင် ‘ကာကွယ်စောင့်ရှောက်ရေး’ ဆိုသည်မှာ မည်သည်ကို ဆိုလိုပြီး နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ နေ့စဉ်ဘဝ ပိုမိုကောင်းမွန်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရေးအခြေခံမှုများကို မည်သို့ အသုံးပြုနိုင်ပါသနည်း။ ယင်းတို့မှာ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများတွင် ပေးအပ်ခဲ့သည့် သင်တန်းများမှ မေးခွန်းများအနက် နှစ်ခုသာဖြစ်ပါသည်။ ထိုသင်တန်းများတွင် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ်လုပ်ကိုင်နေသော နေရပ်စွန့်ခွာတိမ်းရှောင်သူ ၈၀၀ နီးပါးတက်ရောက်ခဲ့ပြီး ကျား၊မ အခြေပြုအကြမ်းဖက်မှုနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအပါအဝင် ကာကွယ်စောင့်ရှောက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။

ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေး၊ နေထိုင်ရာ အမိုးအကာနှင့် စားနပ်ရိက္ခာဖူလုံရေးအပါအဝင် လူသားချင်းစာနာမှုတုံ့ပြန်ရေး လုပ်ငန်းများအားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးကို ထည့်သွင်းပေါင်းစည်းရန် ရည်ရွယ်သော သင်တန်း ၃၈ ခုကို ၂၀၁၅ ခုနှစ် က စစ်တွေ၊ ပေါက်တောနှင့် မြေပုံမြို့နယ်များရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများတွင်ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများပါဝင်သော အချို့အလုပ်ရုံဆွေးနွေးပွဲများကို နေရပ်စွန့်ခွာတိမ်းရှောင်သူ အမျိုးသမီးများက ဦးဆောင်ခဲ့ပြီး နေရပ်စွန့်ခွာသူများ၏ ထင်မြင်ပြောကြားချက်များမှာ ဆွေးနွေးမှုများတွင် အဓိကကျကြောင်းပြသခဲ့ပါသည်။ ကျား၊မ အားလုံးပါဝင်သော အဖွဲ့များက အမျိုးသမီးများအား ၎င်းတို့၏ အထင်အမြင်များကို ဝေမျှပြီး၊ တက်ကြွစွာ ပါဝင်ခွင့်ရစေပါသည်။

## မြန်မာနိုင်ငံတွင် "ကာကွယ်စောင့်ရှောက်ရေး အဓိကကျမှု" ကတိကဝတ်ကို အားကောင်းစေရေး ဆောင်ရွက်မှု

ဤသင်တန်းများသည် ကာကွယ်စောင့်ရှောက်ရေးကို လူသားချင်းစာနာမှုလုပ်ငန်းများ၏ အဓိကကျသောအပိုင်း အဖြစ်ထားရှိနိုင်စေရန်မှာ မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများ၏ ကျယ်ပြန့်သော လုပ်ဆောင်ချက်များအနက်မှ တစ်ခုဖြစ်ပါသည်။ ယင်းမှာ အေဂျင်စီများအကြား အမြဲတမ်းကော်မတီ (IASC) ၏ ၂၀၁၃ ခုနှစ် ကတိကဝတ် တစ်ခုဖြစ်သော "လူသားချင်းစာနာမှုလုပ်ငန်းများတွင် ကာကွယ်စောင့်ရှောက်ရေး အဓိကကျမှု" မှ အခြေခံလာခြင်းဖြစ်ပါသည်။

ယင်းတွင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် အမျိုးသမီး ၊ အမျိုးသား၊ မိန်းကလေး၊ ယောက်ျားလေးများ ကြုံတွေ့ရသည့် မတူညီသော အန္တရာယ်နှင့် လိုအပ်ချက်များကို အသိအမှတ်ပြုပြီး နေရပ်စွန့်ခွာသူများနှင့် ဘေးဒဏ်သင့်သူများ၏အမြင်ကို ၎င်းတို့ လုပ်ငန်းများ၏ အဓိကကျသောအပိုင်းတွင် ထည့်သွင်းစဉ်းစားရန်လည်း ပါဝင်ပါသည်။ ဤကျယ်ပြန့်၍ အားလုံးလွှမ်းခြုံ ပါဝင်မှုရှိသောလုပ်ထုံးလုပ်နည်းဖြင့်ဆောင်ရွက်မှုတွင် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများအားလုံး ပါဝင်ရန် လိုအပ်ပါသည်။


ရခိုင်ပြည်နယ်ရှိ ယာယီစခန်းတစ်ခုမှ နေရပ်စွန့်ခွာတိမ်းရှောင် အမျိုးသမီးတစ်ဦး၊ မတ် ၂၀၁၅။ ဓာတ်ပုံ - OCHA

မြန်မာနိုင်ငံတွင် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍအနေဖြင့် ၂၀၁၅ခုနှစ်အတွင်း ကာကွယ်စောင့်ရှောက်ရေးအား အဓိကနေရာမှ ထားရှိဆောင်ရွက်မည်ဆိုသည့် ကတိကဝတ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ ယင်းတို့တွင် ကချင်ပြည်နယ် နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ၌ တိုင်ကြားရေးစနစ်များ ထူထောင်ခြင်း၊ ကချင်၊ ရခိုင်၊ ရှမ်းနှင့် ရေဘေးသင့် ဒေသများ၌ လူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်းအနေဖြင့် ဝန်ဆောင်မှုများပေးအပ်ရာတွင် ညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုကင်းသော ရိုးရှင်းသည့်အခြေခံမှုများကို ထည့်သွင်းစဉ်းစားရန်တို့ပါဝင်ပါသည်။ အဖွဲ့အသီးသီး၏ လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းရန်အတွက် ပြည်သူများရင်ဆိုင်နေရသည် လုံခြုံရေး၊ အခွင့်အလမ်း၊ ဂုဏ်သိက္ခာနှင့် စပ်လျဉ်းသည့် အဓိက ခြိမ်းခြောက်မှုများ၊ အန္တရာယ်များကို နားလည်သဘောပေါက်မှုရှိစေရန် ဆန်းစစ်လေ့လာမှု တစ်ရပ်ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများသည် စီမံကိန်းများနှင့် လုပ်ငန်းများတွင် ကာကွယ် စောင့်ရှောက်ရေးကို ပေါင်းစည်းထည့်သွင်းရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မတ်လတွင် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍအနေဖြင့် နောက်ဆက်တွဲလုပ်ငန်းအချို့ကို ဖော်ထုတ်ပေးသော ဆွေးနွေးတိုင်ပင်မှုများကိုဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့တွင် ကုလသမဂ္ဂနှင့် NGO အဖွဲ့များ၏ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကတိကဝတ်ကိုအားဖြည့်ရေး၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆန်းစစ်လေ့လာမှု၊ သတင်းအချက်အလက်ဝေမျှမှု၊ ပြန်ကြားဆက်သွယ်ရေးနှင့် အသိပေးလှုံ့ဆော်မှုတို့ကို ပိုမိုအားကောင်းစေရေး၊ လူသားချင်းစာနာမှုလုပ်ငန်းများအားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍကို ပေါင်းစည်းထည့်သွင်းဆောင်ရွက်ရေးတို့ ပါဝင်ပါသည်။

ထပ်မံ သိရှိလိုပါက အောက်ပါတို့ကို ဆက်သွယ်ပါ။

**အီဗာ မော့ဒ်ဗစ်**
အစီရင်ခံရေးအရာရှိ
အီးမေးလ် - modvig@un.org
ဖုန်း - (+၉၅) ၉ ၄၂၀ ၂၇၅ ၈၇၇

**ဖျဲ ပယ်ရွန်**
ပြန်ကြားဆက်သွယ်ရေးအရာရှိ
အီးမေးလ် - peronp@un.org
ဖုန်း - (+၉၅) ၉ ၂၅၀ ၁၉၈ ၉၉၇

**ထက်ထက်ဦး**
အစီရင်ခံရေးအရာရှိ
အီးမေးလ် - ooh@un.org
ဖုန်း - (+၉၅) ၉ ၄၂၀ ၀၀၅ ၉ ၄၂

**ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး လူမှုကွန်ယက်စာမျက်နှာ**
www.facebook.com/OCHAMyanmar

**တွစ်တာ @OCHAMyanmar**
www.twitter.com/ochamyanmar

**လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (မြန်မာ) ဝက်ဘ်ဆိုဒ်**
www.unocha.org/myanmar

OCHA လူသားချင်းစာနာမှု သတင်းလွှာကို www.reliefweb.int တွင် ရယူနိုင်ပါသည်။